"အခက်အခဲတစ်ခုမှ ရုန်းထွက်ရန် အကောင်းဆုံးနည်းလမ်းမှာ ၎င်းကိုဖြတ်ကျော်ရန်ဖြစ်သည်။"


အမည်မသိ

"ကျွန်ုပ်တို့၏အရှေ့တွင်နှင့် နောက်ကွယ်တွင်ရှိသည့်အရာများမှာ ကျွန်ုပ်တို့အတွင်းတွင်ရှိနေသည့်အရာများနှင့်နှိုင်းယှဉ်ပါက သေးငယ်သောကိစ္စရပ်များပင်ဖြစ်သည်။"

*Ralph Waldo Emerson*

**ရုံးလိပ်စာ-**

Family Intervention Program (FIP)
(Family Safety Center)
610 Murfreesboro Pike
Nashville, TN 37210




မိသားစု ကြားဝင်ဖြန်ဖြေရေး အစီအစဉ် (FIP) သည် Family Safety Center တွင် တည်ရှိပါသည်။ သင်ရောက်ရှိလျှင် လုံခြုံရေးဌာနတွင် စာရင်းသွင်းပါ။

FAMILY INTERVENTION PROGRAM

**ချိန်းဆိုချက်တစ်ခုအတွက် ဖုန်းခေါ်ဆိုရန် (615) 862-7773**


ဤစီမံကိန်းကို ခွင့်ပြုချက်အမှတ် 2017-VA-GX-0051 ဖြင့် ရာဇဝတ်မှု သားကောင်များအတွက် ရုံး (Office for Victims of Crime)၊ တရားစီရင်ဆုံးဖြတ်ရေး အစီအစဉ်များ ရုံး (Office of Justice Programs)၊ ယူအက်စ် တရားစီရင်ရေး ဌာန (U.S. Department of Justice) က ခွင့်ပြုပေးထားကာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး အစီအစဉ်များ တန်နက်ဆီရုံး (Tennessee Office of Criminal Justice Programs) မှတစ်ဆင့် ပံ့ပိုးကူညီပေးထားပါသည်။


Burmese

# ဘဝများကို ပြည်လည်တည်ထောင်ခြင်း




f.i.p.
FAMILY INTERVENTION PROGRAM

## သင် သို့မဟုတ် သင်သိကျွမ်းသူတစ်ဦးဦးသည် ရာဇဝတ်မှုတစ်ခုနှင့် ထိတွေ့မှု ဖြစ်ပါက

ရာဇဝတ်မှုဖြစ်ပွားသည့်အချိန်တိုင်းတွင် အကြမ်းဖက်ခံရသူ၊ မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် အသိုင်းအဝိုင်းတစ်ခုလုံးအပါအဝင် လူအများအပြားထိခိုက်ကြရသည်။ မည်သူကမျှ ရာဇဝတ်မှုကြောင့် ဖြစ်ပေါ်လာမည့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုအတွက် ကြိုတင်ပြင်ဆင်ထားကြမည် မဟုတ်ပေ။ ထိုအခြေအနေသည် ထိခိုက်ခံစားရသူကိုရော ၎င်း၏ မိသားစုဝင်များနှင့် သူငယ်ချင်းများကိုပါ ပူဆွေးသောက ရောက်စေပါသည်။ ရာဇဝတ်မှုကြောင့် ဘဝများ ထိခိုက်ခံစားခဲ့ကြရသူများ၏ ကြေကွဲဝမ်းနည်းဖွယ် အခြေအနေများကြောင့် မက်ထရို ပိုလီလန် နက်ရှ်ဗီလီ ရဲဌာန (MNPD) က အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသော သူများနှင့် ထိခိုက်ခံစားရသော အခြားသူများ၏ ဘဝများအတွက် တိုင်ပင်ဆွေးနွေးပေးမှု၊ ရှေ့နေလိုက်ပေးမှုနှင့် ပံ့ပိုးကူညီပေးမှုများကို 1975 ခုနှစ်မှ စတင်ကာ ဆောင်ရွက်ပေးလျက် ရှိပါသည်။

## ဤနေရာတွင် အကူအညီကို ရရှိနိုင်သည်

2016 ခုနှစ်တွင် MNPD မှ ပံ့ပိုးပေးသည့် နစ်နာသူ ကြားဝင်ဖြန်ဖြေရေး အစီအစဉ် (VIP) နှင့် အိမ်တွင်း အကြမ်းဖက်မှု တိုင်ပင် ဆွေးနွေးရေး (Domestic Violence Counseling) ဟူသော တိုင်ပင်ဆွေးနွေးမှုနှင့် ရှေ့နေလိုက်ပေးမှု အစီအစဉ်နှစ်ခုကို မိသားစု ကြားဝင်ဖြန်ဖြေရေး အစီအစဉ် (FIP) အဖြစ် ပေါင်းစည်းလိုက်ပါသည်။ ရာဇဝတ်မှုလုပ်ရပ်တစ်ခုကြောင့် စိတ်ဒဏ်ရာခံစားရသူမည်သူမဆိုသည် အကြပ်အတည်းကြားဝင်ဖြန်ဖြေရေးနှင့် နောက်ဆက်တွဲတိုင်ပင်ဆွေးနွေးမှုတို့ကို ချက်ချင်းအခမဲ့ရရှိသင့်သည်ဟူသော စိတ်ကူးဖြင့် ဤဝန်ဆောင်မှုများကို တည်ထောင်ခဲ့သည်။ လိုင်စင်ရ စိတ်ကျန်းမာရေး ပညာရှင်များနှင့် ဗဟုသုတ ကြွယ်ဝသော ရှေ့နေများကို ခန့်အပ်လျက် FIP က အကြမ်းဖက်ခံရသူများအတွက် ငြိမ်းချမ်းပြီး ဟန်ချက်ညီမျှတမည့် ဘဝများကို ရှာဖွေ၍ ပြန်လည်ပိုင်ဆိုင်နိုင်ရေး ကူညီပေးမည်ဟု ကတိပြုထားပါသည်။ တရားစွဲဆိုခြင်းနှင့်ပတ်သက်သော အကြမ်းဖက်ခံရသူတစ်ဦး၏ဆုံးဖြတ်ချက်က အရည်အချင်းပြည့်မီမှုကို သက်ရောက်ခြင်းမရှိပါ။

FIP ၏ ခံယူချက်မှာ အကြမ်းဖက်ခံရသူ၊ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာသူ မိသားစုဝင်များနှင့် အသိုင်းအဝိုင်းတို့အတွက် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး တရားရုံးရှေ့နေတစ်ဦး ပံ့ပိုးပေးရန် ဖြစ်သည်။ ဝန်ဆောင်မှုအားလုံးကို အခမဲ့ ပံ့ပိုးပေးခြင်း ဖြစ်ပြီး လျှို့ဝှက်ပေးထားပါသည်။ လူမျိုး၊ ဘာသာရေး၊ အယူဝါဒများနှင့်လိင်ပိုင်းဆိုင်ရာတိမ်းညွတ်မှုတို့ကို လေးစားလျက် ထုံးထမ်းစဉ်လာကွဲပြားမှုများကို ထောက်ပံ့ပေးသည့် ပတ်ဝန်းကျင်တစ်ခုတွင် ပံ့ပိုးပေးပါသည်။

## ဝန်ဆောင်မှုအမျိုးအစားအများအပြား

မေတ္တာ ကရုဏာကြီးမားပြီး ယဉ်ကျေးမှုနှင့် လျော်ညီစွာ တုံ့ပြန်ဆောင်ရွက်ပေးသော ဝန်ထမ်းများက ပံ့ပိုးပေးလျက် ရှိသည်မှာ-

## အကြပ်အတည်းကြားဝင်ဖြန်ဖြေရေး

ရာဇဝတ်မှု ဖြစ်ပွားကြောင်း သတင်းရရှိသည်နှင့် တုံ့ပြန်ဆောင်ရွက်ရေး အရာရှိ(များ)က ထိခိုက်ခံရသူများနှင့် မြို့တော်သူမြို့တော်သားများအတွက် 24 နာရီ ဖုန်းဖြေဆိုပေးရန် အသင့်ရှိနေပါသည်။

## တိုင်ပင်ဆွေးနွေးမှု

အကြမ်းဖက်ခံရသူ၊ မိသားစုဝင်များ၊ ရာဇဝတ်မှုကြောင့် စိတ်ဒဏ်ရာရခဲ့သော အခြားသူများအတွက် ကျွမ်းကျင်သူများနှင့်တိုင်ပင်ဆွေးနွေးသည့်ဝန်ဆောင်မှုများ။ အကြမ်းဖက်ခံရသူများ/အသက်ရှင်ကျန်ရစ်သူများအတွက် ထောက်ပံ့ရေးအုပ်စုများကို တစ်နှစ်ပတ်လုံး စီစဉ်ပေးထားပါသည်။

## အုပ်စုလိုက် အကြပ်အတည်းအတွက် တုံ့ပြန်ဆောင်ရွက်မှု

အကြမ်းဖက်မှုခံရသော စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများ သို့မဟုတ် အခြားအုပ်စုများက တောင်းဆိုပါက အုပ်စုလိုက်အကြပ်အတည်းကအတွက် ကြားဝင်ဖြန်ဖြေရေးကို ပံ့ပိုးပေးသည်။

## ရှေ့နေလိုက်ပေးခြင်းနှင့် အမှုကိစ္စ စီမံခန့်ခွဲမှု

ရဲနှင့်တရားရုံးနှင့် ဆိုင်သော တရားစွဲဆိုမှု ဖြစ်စဉ်တစ်လျှောက်လုံးတွင် လမ်းညွှန်မှု၊ ထောက်ပံ့မှုနှင့် ရှင်းလင်းချက်များ။ အခြေခံလိုအပ်ချက်များ ရရှိနိုင်ရေးအတွက်သာမက TN ရာဇဝတ်မှုကြောင့် ထိခိုက်နစ်နာကြေးအတွက် လျှောက်ထားရန်လည်း အကူအညီ ပေးနေပါသည်။

## အထူးပြု ဝန်ဆောင်မှုများ

Nashville ၏ လူမျိုး၊ ဘာသာပေါင်းစုံ ပြည်သူများအတွက် ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူ အထူးပညာရှင်များ၊ ဘာသာစကား နှစ်မျိုး ပြောဆိုသော ဝန်ထမ်းများ၊ အချက်အလက်များကို ဘာသာစကားများစွာဖြင့် ပံ့ပိုးပေးမှုများအပြင် လိုအပ်သည့်အခါ စကားပြန်များ အသုံးပြုခြင်းတို့ အပါအဝင် ယဉ်ကျေးမှုနှင့်ဆီလျော်စွာ တုံ့ပြန်ဆောင်ရွက်ပေးတတ်သော တရားရုံး ရှေ့နေများ/ကမ်းလင့်ထောက်ကူမှု။

## ဆွေးနွေးမှုနှင့် သင်တန်းပို့ချမှု

FIP ဝန်ဆောင်မှုများနှင့် စိတ်ဒဏ်ရာ/မတရား ဖိနှိပ်ခံရမှု၏ ဆိုးကျိုးများအကြောင်း ပိုမိုသိရှိ နားလည်သဘောပေါက်စေရန်နှင့် အချို့သော ထိခိုက်နစ်နာသူများအတွက် ယဉ်ကျေးမှုရေးရာ ကိစ္စရပ်များကို ပိုမိုသိရှိပြီး တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရပ်ရွာလူထုနှင့် ပညာရှင်များအတွက် တင်ပြချက်များကို ရရှိနိုင်ပါသည်။

## သတင်းအချက်အလက်နှင့် လွှဲပြောင်းမှု

ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများ၊ လူမှု ဝန်ဆောင်မှုများနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးဌာနတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ခြင်း။

## သင့်အပေါ်တွင်သာမူတည်ပါသည်

မိသားစုကြားဝင်ဖြန်ဖြေရေးအစီအစဉ်၏ ရည်မှန်းချက်မှာ လူပုဂ္ဂိုလ်များနှင့်၎င်းတို့၏ချစ်ခင်ရသူများအား အကြပ်အတည်းတစ်ခုဖြစ်ပြီး နောက်ပိုင်း ကျန်းမာရေးနှင့်သာယာဝပြောရေးဆိုင်ရာအသိကို ပြန်လည်ရယူနိုင်ရေးအတွက် ကူညီပေးရန်ဖြစ်ပါသည်။ အကယ်၍ သင် သို့မဟုတ် သင်သိကျွမ်းသူတစ်ဦးဦးသည် ရာဇဝတ်မှုတစ်ခု၏အကြမ်းဖက်ခံရသူသားကောင်ဖြစ်နေပါက အောက်တွင်ဖော်ပြထားသော သင့်တော်ရာနံပါတ်ကို ဖုန်းခေါ်ဆိုပါ။

**မိသားစု ကြားဝင်ဖြန်ဖြေရေး အစီအစဉ်** (615) 862-7773

**အခြားဆက်သွယ်ရန်နံပါတ်များ**

ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးမှုများ-

| | |
|---|---|
| မြောက်ပိုင်းနယ်မြေ | (615) 862-7901 |
| မြောက်ပိုင်းနယ်မြေ | (615) 862-7763 |
| အရှေ့ပိုင်းနယ်မြေ | (615) 862-7525 |
| အနောက်ပိုင်းနယ်မြေ | (615) 862-7385 |
| Midtown Hills နယ်မြေ | (615) 880-1513 |
| Hermitage နယ်မြေ | (615) 862-6993 |
| Madison နယ်မြေ | (615) 880-3311 |
| အလယ်ပိုင်းနယ်မြေ | (615) 862-7044 |
| လိင်ပိုင်းဆိုင်ရာရာဇဝတ်မှုဌာန | (615) 862-7540 |
| အိမ်တွင်းအကြမ်းဖက်မှုအတိုင်ပင်ခံများ | (615) 880-3000 |
| ခရိုင်ရှေ့နေချုပ်ရုံး | (615) 862-5500 |
| TN ပြစ်မှုဆိုင်ရာ ထိခိုက်နစ်နာကြေး | (615) 741-2734 |

မြေပုံနှင့် လမ်းညွှန်မှုများအတွက်အနောက်ဘက်အကွက်ကို ကိုးကားပါ။

f.i.p.

FAMILY INTERVENTION PROGRAM

(615) 862-7773